မူပိုင်ခွင့်တရားရုံးများနှင့် စီရင်ပိုင်ခွင့်များ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရာရုံးများ ခရိုင်တရားရုံးများ

ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်အာဏာ

မိမိစီရင်ပိုင်ခွင့်ဒေသအတွင်း

- ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၇၊ ၈၈၊ ၈၉၊ ၉၀ ၊ ၉၁၊ ၉၂ အရ ပြစ်မှုများ၊
- စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပုဒ်မ ၇၅ အရ ပြစ်မှုများ
- စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၂၊ ၈၃၊ ၈၄ အရ ပြစ်မှုများ
- တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၅၊ ၁၀၆ အရ ပြစ်မှုများ

တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်များ

ရာဇဝတ်အယူခံ စီရင်ပိုင်ခွင့်အာဏာ

မိမိစီရင်ပိုင်ခွင့်ဒေသအတွင်း-

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၏ ရာဇဝတ်မှု စီရင်ချက်၊ အမိန့် နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများ

ကျောက်တံတားခရိုင်တရားရုံး ရန်ကုန်တိုင်းဒေသကြီး

တရားမမူလမှု စီရင်ပိုင်ခွင့်အာဏာ

- မူပိုင်ခွင့်အခွင့်အရေးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ စွဲဆိုမှုသည့် တရားမမူလမှုများ
- တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၄၂(ဃ)အရ မူပိုင်ခွင့် လျှောက်ထားသူ၏ လျှောက်ကြေးစွဲဆိုသည့် တရားမမူလမှုများ
- ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ၇၇(က)၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ ပုဒ်မ၆၇(က)၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ ပုဒ်မ၇၃(က)၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၆(က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

တရားမအယူခံ စီရင်ပိုင်ခွင့်အာဏာ

- မူပိုင်ခွင့်တရားရုံး၏ တရားမမှု စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

လျှောက်ထားမှုစီရင်ပိုင်ခွင့်အာဏာ

- ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ၆၆၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ၆၅၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၅၉၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေ ပုဒ်မ ၉၄ အရ အေဂျင်စီ၏ဆုံး ဖြတ်ချက်အပေါ် လျှောက်ထားမှုများ
- ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၂၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၈ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် လျှောက်ထားမှုများ